# ကရင်နီပြည်နယ်အတွင်းရှိ နယ်မြေခံ စစ်ကောင်စီတပ်များသို့ အသိပေးပန်ကြားခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့။

ကရင်နီပြည်နယ်တွင် အခြေစိုက်သော စစ်ကောင်စီတပ်ရင်းများခဗျား......

ကရင်နီပြည်နယ်မှာ စစ်အာဏာရှင်စနစ် အမြတ်ပြတ်ခြေမှုန်းရေးတိုက်ပွဲများ၊ စတင်ခဲ့သည်မှာ ၃ လကျော်လာခဲ့ပါပြီ၊ တိုက်ပွဲများ တစ်လျှောက် အပြစ်မဲ့ ပြည်သူ့ အသက် အိုးအိမ်တွေသေကျေပျက်စီးခဲ့ပြီးတော့ ပြည်သူ့ကာကွယ်ရေးတပ်သား ရဲဘော်များလည်း အသက်တွေ စတေးရသလို၊ အကြမ်းဖက်စစ်ကောင်စီ ဘက်ကနေတိုက်တဲ့ နယ်မြေခံတပ်ရင်းက တပ်သားတွေလည်း မြောက်များစွာ လည်းကျဆုံးခဲ့ရပါတယ်။

KNDF ကတော့ စစ်အာဏာရှင်စနစ် ကို အပြီးတိုင်ဖျက်သိမ်းပြီး ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်ဖို့အတွက် တော်လှန်ရေးကိုဆင်နွှဲနေတာဖြစ်ပါသည်။ တစ်နည်းအားဖြင့် စစ်သားတွေ၊ ရဲတွေကို မုန်းလို့ တိုက်နေတာမဟုတ်ပါဘူး။ NLD အတွက်တိုက်နေတာလည်းမဟုတ်သလို၊ တိုင်းရင်းသားပါတီတွေ အာဏာရရေး တိုက်နေတာမဟုတ်ပါဘူး။ တိုင်းပြည်အပေါ် နှစ်ပေါင်း (၆၀) ကျော် လက်နက်အားကိုး ဗိုလ်ကျပြီး ကိုယ်ကျိုးအတွက် အာဏာကို အလွဲသုံးစားလုပ်နေတဲ့ စစ်ဗိုလ်တစ်စုနှင့် သူတို့ရဲ့အပေါင်းအပါတွင်ကို တော်လှန်တိုက်ခိုက်နေခြင်းဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံရဲ့ကောင်းမွန်တဲ့အနာဂတ်နှင့်စနစ် သစ်ကို ဖော်ဆောင်မဲ့ ဒီတော်လှန်ရေးဟာ အဖိနှိပ်ခံပြည်သူတွေနဲ့ စစ်အာဏာရှင် စစ်အုပ်စု ကြား ရှင်းကြရမဲ့ပွဲ၊ တိုက်ခိုက်ကြမဲ့တိုက်ပွဲဖြစ်ပါတယ်။ ဒီတိုက်ပွဲဟာ ဆရာတို့လို အောက်ခြေတပ်သားတွေ၊ ဗိုလ်မှူးတွေ၊ ဗိုလ်တွေကို တိုက်မဲ့တိုက်ပွဲမဟုတ်တဲ့အတွက် ဆရာတို့ရဲ့ အသက်ကို မိစ္ဆာစစ်အုပ်စုတွေ အကျိုးအတွက် စတေးဆရာမလိုပါဘူး။ ဒီတော်လှန်ရေးဟာ ပြည်သူတစ်ရပ်လုံး (ဆရာတို့အပါအဝင်) အကျိုးအတွက် ဖြစ်တာနဲ့အညီ ဒီတော်လှန်ရေး အမြန်ဆုံးပြီးမြောက် အောင်မြင်အောင် အဖိနှိပ်ခံပြည်သူတွေဖက်ကို ရပ်တည်ပေးကြပါ၊ ကျတော်တို့ KNDF တပ်တွေနဲ့ လာရောက်ပူးပေါင်းကြပါ။ ဆရာတို့လာရောက်ပူးပေါင်းမယ်ဆိုရင်၊ ဆရာတို့ရဲ့ လုံခြုံရေးကို ကျတော်တို့ အထူးအာမခံပေးပါမယ်၊ ပြီးတော့ ပြည်သူတွေနဲ့ အတူရပ်တည်တဲ့

စစ်သူ့ရဲ့ကောင်းမျှားအဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပေးမှာဖြစ်တယ်။ ဒါအပြင် ဆရာတို့နဲ့ နီးစပ်ပြီးသားဖြစ်တဲ့ နယ်မြေခံ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း ဆရာတို့ ပြည်သူနဲ့လာရောက်ပူးပေါင်းတဲ့ ဖြစ်စဉ်တစ်လျှောက်လုံးကို အဆင်ပြေချောမွေ့အောင် တာဝန်ယူပြီး စီစဉ်ပေးဖို့အသင့်ရှိပါတယ်။

ဒီတော်လှန်ရေးဟာ ပြည်သူတွေက အနိုင်ရမယ်လို့ KNDF က တစ်ထစ်ချယုံကြည်တယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လည်း စစ်ရေးအရှိန်တွေမြင့်လာပါပြီ။ ကရင်နီပြည်မှာလည်း တိုက်ပွဲတွေ ဒီထက်ပြင်းထန်လာဖို့ဘဲရှိပါတယ်။ ကျတော်တို့ KNDF တပ်တွေ အဆုံးအထိ တိုက်ပွဲဝင်ဖို့ စိတ်ပိုင်းဖြတ်ပြီးသားဖြစ်ပါတယ်။ ဒါကြောင့် အချိန်နှောက်မကျခင် ကျတော်တို့နဲ့ အမြန်ဆုံးလာရောက်ပူးပေါင်းကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

စစ်ဦးစီးအဖွဲ့

Karenni Nationalities Defense Force (KNDF)